# ဝိုင်းဝန်းကာကွယ် စပ်ဆေးအန္တရာယ်

စပ်ဆေးရောင်းချနေခြင်းများအား လုံးဝရှောင်ကြဉ်ရန်နှင့်ပတ်သက်၍ ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနအနေဖြင့် အကြိမ်ကြိမ် သတိပေးထုတ်ပြန်ကြေငြာခြင်းများနှင့် အမျိုးသားဆေးဝါးဥပဒေအရ အရေးယူခြင်းများ ရှိနေပါသော်လည်း လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ စပ်ဆေးများကို ဆက်လက်ရောင်းချ နေသည့် ဆေးဆိုင်အများအပြား ရှိနေပါသည်။

အောက်ဖော်ပြပါဆေးများသည် ရန်ကုန်နှင့်နေပြည်တော်ရှိ ဆေးဆိုင်အချို့မှ (၂၃-၂-၂၀၂၀) ရက်နေ့ တွင် ဝယ်ယူရရှိသော စပ်ဆေးများဖြစ်ပါသည်။





အဆိုပါ ဝယ်ယူရရှိသော စပ်ဆေးများတွင် ဆရာဝန်ညွှန်ကြားချက်မရှိဘဲသုံးစွဲရန် မသင့်တော်သည့် စတီးရွိုက်ဆေးများ၊ ပဋိဇီဝဆေးများနှင့် နာတာရှည် ပန်းနာရင်ကြပ်ဆေးများ ပါဝင်နေသည်ကို ဆိုးရွားစွာ တွေ့ရှိရပါသည်။ ထို့ကြောင့် အသုံးပြုသူများအနေဖြင့် ရေတို/ရေရှည် ကျန်းမာရေး ဆိုးကျိုးများခံစားရပြီး အသက်သေဆုံးသည်အထိ ဖြစ်ပွား နိုင်ပါသည်။

**သို့ဖြစ်ပါ၍ ဆေးဆိုင်ပိုင်ရှင်များအနေဖြင့် လူ့ကျင့်ဝတ်အရ စပ်ဆေးရောင်းချခြင်းအား လုံးဝ(လုံးဝ) ရှောင်ကြဉ်ကြပါရန်နှင့် ပြည်သူများအနေဖြင့်လည်း စပ်ဆေးဝယ်ယူ သုံးစွဲခြင်းများအား လုံးဝ(လုံးဝ) ရှောင်ရှားကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။**

https://www.mohs.gov.mm
https://www.facebook.com/MinistryOfHealthAndSportsMyanmar

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
၂၄ ဖေဖော်ဝါရီ၊ ၂၀၂၀